နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၇)
၁၃၅၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၁၉၉၇ ခုနှစ်၊ မတ်လ ၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို **နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၈ ၏ နောက်တွင် ပုဒ်မ ၈-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၈-က။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူစေရန် လည်းကောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေမှ ကုန်ကျစရိတ်သက်သာစေရန် လည်းကောင်း၊ နိုင်ငံဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို ရှေးရှု၍ လည်းကောင်း နိုင်ငံတော်၏ဘဏ္ဍာငွေထည့်ဝင်ခြင်းမပြုဘဲ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းပိုင် ရန်ပုံငွေကို မတည်ရင်းနှီးစေပြီး သတ်မှတ်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတွင် အောက်ပါအချက်များ ပါဝင်စေရမည် -

(၁) လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများ၊

(၂) အုပ်ချုပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊

(၃) လက်အောက်ခံလုပ်ငန်းဆိုင်ရာ အဖွဲ့များဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ၊

(၄) မတည်ရင်းနှီးငွေနှင့် ပစ္စည်းများ၊

(၅) ငွေရေးကြေးရေးဆိုင်ရာ ကိစ္စများ၊

(၆) စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စများ၊

(၇) အခြားလိုအပ်သည့် အချက်များ။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနတွင် ဖွဲ့စည်းထားသည့် သို့မဟုတ် သီးခြားဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ရပ်ရပ်အား လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

(ဃ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် အဖွဲ့အစည်းအသီးသီးသည် ကိုယ်ပိုင်အမည်နှင့် တံဆိပ်တို့ဖြင့် ဆောင်ရွက်နိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့